ကိုဗစ်-၁၉

ကုသမှုဆိုင်ရာ လက်တွေ့စမ်းသပ်မှုများအကြောင်း
သတင်းပို့သော ဂျာနယ်လစ်များအတွက် လမ်းညွှန်

COVID-19 ကူးစက်မှု၏ နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုများနှင့်အညီ လိုက်လျောညီထွေဖြစ်သည့် ယုံကြည်စိတ်ချရသော သတင်းအချက်အလက်များ တင်ပြခြင်းအား အပူတပြင်းလိုအပ်ပါသည်။ ရှုပ်ထွေးသော လက်တွေ့စမ်းသပ်မှုများနှင့် ပတ်သက်၍ သတင်းပို့ခြင်းသည်သတင်းထောက်များ အတွက် စိတ်ပျက်စရာကောင်းနိုင်သလို ကောင်းမွန်စွာမလုပ်ဆောင်နိုင်လျှင် လူ့အသိုင်းအဝိုင်းအတွင်း ကြောက်ရွံ့မှု နှင့်ထိတ်လန့်မှုကို ဖြစ်စေနိုင်သည်။ **ကုသမှုဆိုင်ရာ လက်တွေ့စမ်းသပ်မှုများအား အစီရင်ခံရာတွင် လိုက်နာရန် အကြံဉာဏ် ရှစ် ချက်**

သတင်းဦးရန် အလျင်စလို မလုပ်ပါနှင့်

အကယ်၍ ဆေးဝါးတစ်ခုသည် စမ်းသပ်မှုအဆင့်သို့ ရောက်ရုံဖြင့် ၎င်းသည် ကုသမှုအဆင့်ကို မရောက်သေးပါ။ ဤစမ်းသပ်မှုများသည် မည်သည့်အရာကို တွေ့ရှိနိုင်မည် ဆိုသည့် စာဖတ်ပရိသတ်၏ မျှော်လင့်ချက်များ သို့မဟုတ် တွက်ဆချက်များကို မမြှင့်ပါနှင့်။ လက်တွေ့စမ်းသပ်မှု လုပ်ငန်းစဉ်များက အချိန်ယူနိုင်ပြီး အရင်ဆုံးထွက်လာသည့် ရလဒ်များက နောက်ဆုံးရလဒ်များနှင့် ကွဲပြားခြားနားနိုင်ကြောင်း အလေးပေးပြောကြပါ။ သတ်သတ်မှတ်မှတ် ကုသမှုများကိုဖော်ပြခြင်း အားဖြင့် စားသုံးသူများကို ဆေးဝါးများ ကိုယ်တိုင်ရှာဖွေရန် တိုက်တွန်းမိနိုင်သည်။

၂။ သတင်းအချက်အလက်များသည် စိတ်ချရသော ရင်းမြစ်မှလာသည့်တိုင် အမြဲတမ်း စိစစ် အတည်ပြုပါ

သတင်းထုတ်ပြန်ချက်များ သို့မဟုတ် အကျဉ်းချုပ်များ မဟုတ်ပဲ သင် သတင်း မထုတ်ပြန်မီ သုတေသန မိတ္တူ အပြည့်အစုံကို တောင်းယူပါ။ သင်၏ အလုပ်ကို ပြန်လည်သုံးသပ်ရန် သင်နှင့်အတူ အလုပ်လုပ်နိုင်သည့် ယုံကြည်ရသော ရင်းမြစ်တစ်ခုနှင့် ဆက်ဆံရေး တည်ဆောက်ရန် စဉ်းစားပါ။

ဝေါဟာရ ကျွမ်းဝအောင် ကြိုးစားပါ

ရှုပ်ထွေးသော ဝေါဟာရများကို ရှောင်ပါ။ အကယ်၍ အသုံးပြုလျှင်လည်း ချက်ချင်း နားလည်လွယ်သော ဘာသာစကားအသုံးအနှုန်းဖြင့် ရှင်းပြပါ။ ဆေးဘက်ဆိုင်ရာသိပ္ပံပညာတွင် မည်သည့် အာမခံချက်မှမရှိဘဲ ဆေးပညာသည် အံ့ဖွယ်အမှု မဟုတ်သောကြောင့် ""အာမခံထားသည်" သို့မဟုတ် "အံ့ဖွယ်" ဟူသောအသုံးအနှုန်းများကိုရှောင်ကြဉ်ပါ။

စမ်းသပ်မှုများ၏ ကန့်သတ်ချက်များကိုနားလည်ပါ

စမ်းသပ်မှုအားလုံးသည်မတူညီကြပါ။ ၎င်းတို့၏ အကန့်အသတ်များကို ရှာဖွေရန်လေ့လာပါ။ နမူနာစမ်းသပ်သည့် အရွယ်အစားက ဘယ်လောက်ရှိလဲ။ အချင်းချင်း ပြန်လည်သုံးသပ်ထားချက် ရှိပါသလား။ စမ်းသပ်မှုများ၏ ရည်ရွယ်ချက်နှင့် ၎င်းတို့၏ ကန့်သတ်ချက်များကို သတင်းစာဆရာများ၏ပရိသတ်အတွက် ရှင်းလင်းစွာရှင်းပြနိုင်ရန်မှာ သတင်းစာဆရာများ၏တာဝန် ဖြစ်သည်။

TV
NEWS
REC
T

အဖြစ်မှန် စစ်ဆေးမှု

အခြားတိုင်းပြည်တစ်ခုရှိ စမ်းသပ်မှုများ နှင့် ကုသမှုကိုလက်လှမ်းမီကြောင်း ကြေငြာချက်များ သို့မဟုတ် အကြောင်းအရာ ဆက်စပ်ချက်များသည် အခြားတစ်နေရာနှင့် အလွန်ကွဲပြားနိုင်သည်။ ပရိသတ်နှင့် ဆက်သွယ်ပြောဆိုရန် ဇာတ်လမ်းကို ဒေသနှင့်လိုက်လျောညီထွေဖြစ်အောင် အစဉ်ပြုပြင်ပါ။ ဇာတ်လမ်းက အခြေအနေများနှင့် ဆီလျော်ပါရဲ့လား၊ ရပ်ရွာလူထုထဲတွင် ဤသုတေသန သို့မဟုတ် ဆေးဝါးကုသမှုမှ အကျိုးမခံစားရသည့် အဖွဲ့များ ရှိပါသလား။

အတွက်အချက် နှင့် ဥပစာစကားများကို သတိထားပါ

ဥပစာစကားများသည် ရှုပ်ထွေးသော အချက်အလက်များကို ရှင်းပြရန်အကောင်းဆုံး နည်းလမ်းတစ်ခု ဖြစ်နိုင်သည်။ သို့သော် ၎င်းတို့သည် ရှာဖွေတွေ့ရှိမှုကို မမှန်မကန် လိုရာဆွဲပြောခြင်း၊ အာရုံ လွှဲခြင်း မဖြစ်စေရန် သေချာအောင် လုပ်ရမည်။ ရာခိုင်နှုန်း (တိုး/လျော့ချခြင်း အပါအဝင်) ကို မည်သို့ တွက်ချက်ရမည်ကို သိကြောင်းနှင့် ကိန်းဂဏန်းများကို ရိုးရှင်းသောနည်းလမ်းများဖြင့် ဖော်ပြရန် စဉ်းစားကြောင်း သေချာအောင်လုပ်ပါ။

လူသားများကို မမေ့ပါနှင့်

အချက်အလက်များတွင် မျက်စိလည်မသွားပါနှင့်။ စမ်းသပ်မှုတိုင်းသည် ဆိုးရွားသည့်အခြေအနေမျိုးတွင် နေထိုင်သော လူများစွာအား သက်သာရာရစေ သကဲ့သို့ ရင်ကျိုးစရာလည်း ဖြစ်စေနိုင်သည်ကို သတိပြုပါ။ လူတစ်ဦး၏ နာမည်၊ ရုပ်ပုံ သို့ အသေးစိတ် အချက်အလက်များကို ခွင့်ပြုချက်မရဘဲ မည်သည့်အခါမျှ မထည့်သွင်းရန် အမြဲသတိထားပါ။

မထုတ်ဝေမီ ထပ်မံစစ်ဆေးပါ

လက်တွေ့စမ်းသပ်မှုများသည် ပုံမှန်ထက်ပိုပြီး အရှိန်အဟုန်မြင့်စွာ ရွှေ့လျားနေကြသည်။ သင် ထုတ်ဝေခြင်းမပြုမီ အမြဲတမ်း နှစ်ကြိမ် စစ်ဆေးပြီး သတင်းအချက်အလက်များသည် ခေတ်နောက်ကျနေနိုင်ပြီဟုဆိုသည်ကို ပရိသတ်များ ရှင်းရှင်းလင်းလင်းမြင်နိုင်ရန် သင်၏ သတင်းဇာတ်ကြောင်းများတွင် ရက်စွဲတစ်ခု ထည့်ပါ။

Internews

CLICK HERE FOR MORE